ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉၊ အမှတ် ၅ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁

## ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထု လစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ သြဝါဒအမှာစကား ပြောကြားခြင်း






ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုလစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားအား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့ နံနက် (၉း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟခန်းမ၌ ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒအမှာစကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်းများနှင့် အမှုထမ်း စုစုပေါင်း (၁၆၄) ဦး တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာနနှင့် Tah Moe Hnye Group Investment & Development Co.,Ltd တို့အကြား သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းအား စောင့်ကြည့်စစ်ဆေးသည့်စနစ် Logistics Surveillance System (E-Lock) အသုံးပြုရန်အတွက် အကျိုးတူဆောင်ရွက်ခြင်း သဘောတူစာချုပ်ချုပ်ဆိုခြင်း အခမ်းအနား




အကောက်ခွန်ဦးစီးဌာနနှင့် Tah Moe Hnye Group Investment & Development Co.,Ltd တို့အကြား သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းအား စောင့်ကြည့်စစ်ဆေးသည့်စနစ် Logistics Surveillance System (E-Lock) အသုံးပြုရန်အတွက် အကျိုးတူဆောင်ရွက်ခြင်း သဘောတူစာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို (၂၂-၇-၂၀၂၃) ရက်နေ့၊ နံနက် (၀၈:၃၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟာအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားအား ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း မှ ဦးဆောင်၍ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အကောက်ခွန်အရာထမ်းများနှင့် တာမိုးညဲကုမ္ပဏီ မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

# (E-Lock) အသုံးပြုမှုနှင့် ပတ်သက်သည့် အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနား






(E-Lock) အသုံးပြုမှုနှင့် ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို (၆-၇-၂၀၂၃) ရက်နေ့၊ နံနက် (၀၈:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (သင်တန်းကျောင်း)၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားအား ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင် မှ ဦးဆောင်၍ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အကောက်ခွန်အရာထမ်းများ၊ UMFCCI, MIFFA, MCBA, KMIl, RGLမှ တာဝန်ရှိသူများနှင့် တာမိုးညဲကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

rawpixel

# (၁၇) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနား





(၁၇) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့် စီမံရေးရာ) ဦးတင်ကိုထက် မှ ဦးဆောင်၍ အရာထမ်းအမှုထမ်း (၂၄) ဦး တက်ရောက်ခဲ့ကြပါသည်။

rawpixel

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၃၃၀.၁၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ ( ၄၃၁ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၉၃၃၀.၁၂၆ ) သန်းဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




(၁-၇-၂၀၂၃) ရက်နေ့ (MAI Airlines) လေယာဉ်ခရီးစဉ်အမှတ်၊ 8M-502/SF-4475 ဖြင့် မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ခရီးသည်၏ ဝန်စည်ပစ္စည်းများအား X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးခဲ့ရာ ပုံရိပ်မသင်္ကာသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် (တိုင်းရင်းဆေး) (Untuk Sakit Urat Sakit Pinggang dan Lutut) (C/O-Malaysia) (12x20) (240-Nos) ခန့်မှန်းတန်ဖိုးကျပ် (၁,၅၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

rawpixel

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၃၃၀.၁၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု







(၂၈.၇.၂၀၂၃) ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ ID No. (100252483110) (25.7.2023)၊ ကုန်သေတ္တာအမှတ်-(SEKU-4972175) (1X40') ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် (Polyoletin Elas-tomer) (Brand-LG Chem) (POE) (25kg/Bag=900Bag) (Total KG=22500KG) (CO-KOREA) ခန့်မှန်းတန်ဖိုးကျပ် (၉၄,၅၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

rawpixel

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၃၃၀.၁၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု








(၂၁.၇.၂၀၂၃) ရက်နေ့ မန္တလေး-လားရှိုးကားလမ်း၊ မိုင်တိုင်အမှတ်(၂၃)မိုင် (၆)ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (4M/4257) (22W) အား ရပ်တန့်စစ်ဆေးရာ အကောက်ခွန်မဲ့ပစ္စည်းများ စစ်ဆေးတွေ့ရှိရသဖြင့် အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည် ထက်ပိုမိုပါရှိလာသည့် (LED Mini Flat Light) ((1x36U)x5Box)(180-U) အပါအဝင် ကုန်ပစ္စည်း (၁၇)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၄,၇၆၉,၂၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (4M/4257)(22W)(TRACTOR HEAD) (Brand-DONG FENG) (Model-2011) (C/O-China) (1U) နှင့် နောက်တွဲယာဉ်အမှတ်၊ (1TLR/7091) (Brand-YU CHANG) (Semi Trailer Truck Type) (1U) စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၅၂,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လုစ်၍ တားဆီးခဲ့ပါသည်။

rawpixel

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၃၃၀.၁၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု



(၁၂-၇-၂၀၂၃) ရက်နေ့ မူဆယ်မြို့၊ ပြည်ထောင်စုလမ်းမကြီးအတိုင်း စွမ်စော်ရပ်ကွက်ဘက်မှ ပန်ခမ်းကျေးရွာဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (MDY-9N/6071)(6W) အား ရှာဖွေစစ်ဆေးရာ ယာဉ်၏ နောက်ခန်းတွင် မိုးကာစဖုံးအုပ်ကာ အဝါရောင်ပီနံအိတ်ဖြင့် ထုတ်လျက် သို ဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအပိုင်းအစများ (အရွယ်စုံ၊ ဆိုဒ်စုံ)နှင့် ပုတီးစေ့များအား တွေ့ရှိရသဖြင့် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် (ကျောက်စိမ်းဟုယူဆရသောကျောက်ဖြတ်စ) (၉၈-ကီလို) အပါအဝင် ကုန်ပစ္စည်း (၃) မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၇,၃၉၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

rawpixel

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၃၃၀.၁၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု






(၂၃-၇-၂၀၂၃) ရက်နေ့ မန္တလေးမြို့ မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (EE/4395) (SALOON) ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ယာဉ်အတွင်း သိုဝှက်သယ်ဆောင်လာသည့် (ကျောက်စိမ်းဟုယူဆရသောပုတီးလည်ဆွဲ ဆိုဒ်စုံ (180 U) အပါအဝင် ကုန်ပစ္စည်း (၄) မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၉,၈၅၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (EE/4395) (SALOON) (TOYOTA MARK II) (Model–2002) (1U) ခန့်မှန်းတန်ဖိုးကျပ် (၂၅,၀၀၀,၀၀၀/-) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

rawpixel

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၃၃၀.၁၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု





(၃၀-၇-၂၀၂၃)ရက်နေ့ (၀၉:၀၀)အချိန်ခန့်တွင် သံလွင်တံတား(မော်လမြိုင်) တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများအား စစ်ဆေးတွေ့ရှိသဖြင့် မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် အဖွဲ့စုံဖြင့် အသေးစိတ်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် (Ammonium Nitrate) (25-Kg) (280-Bags) ခန့်မှန်းတန်ဖိုးကျပ် (၁၂,၆၀၀,၀၀၀/-) ခန့်အားလည်းကောင်း၊ (Detonator) (50x66) (3300-U) ခန့်မှန်းတန်ဖိုးကျပ် (၆,၆၀၀,၀၀၀/-) ခန့်အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (7A/1938) (6W) (Mitsubishi Canter) (Model-1988) (C/O-Japan) (1-U) ခန့်မှန်းတန်ဖိုးကျပ် (၁၅,၀၀၀,၀၀၀/-) ခန့်အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။